
မင်းမြတ်သူရ
ခရမ်းရောင်သစ္စာပန်း

မြေလတ်ပိုင်းမြို့ကလေးတစ်မြို့၏ စည်ကားသော ခေါက်ဆွဲဆိုင်တွင် ဆိုင်ရှင်တရုတ်ကြီးသည် ပေသီးကို တဂျောက်ဂျောက်ခေါက်၍ စာ ရင်းများ တွက်နေလေ၏။ နေ့လယ်စာ စားသောက်ချိန်ဖြစ်သဖြင့် ဆိုင်ထဲတွင် လူများ နှင့် စည်ကားနေပြီး ခေါက်ဆွဲကြော်သော လူဝကြီး တစ်ယောက်မှာ လည်း ချွေးတဒီးဒီးကျအောင် ကြော်လှော်နေရလေ၏။

လူဝကြီးသည် ဒယ်အိုးကြီးပေါ်သို့ စလောင်းဖုံးကို ဂွမ်းခနဲတင် လိုက်ပြီး အနီးတွင် တောက်တိုမယ်ရ ခိုင်းစေသော လူငယ်လေးဘက်သို့ လှည့်၍

ဟဲ့ အန်စာ၊ ဘာကြောင်ကြည့်နေတာလဲ၊ တောက်တောက် ကြော်ဖို့ အသားတွေလှီးပြီးပြီလား

ဟု မေးမြန်းလိုက်ရာ အန်စာဆိုသောလူငယ်လေးက ခေါင်း ညိတ်၍

ပြီးပါပြီဗျာ၊ အသားတွေလည်း စင်းပြီးပြီ၊ အရွက်တွေလည်း လှီးပြီးပြီ၊ ကြော်ဖို့ ပဲ ကျန်တော့တယ်၊ အန်စာတို့ က အကွက်မြင်ပြီးသား

ဟု ပြောလိုက်ရာ လူဝကြီးသည် ငြိမ်သက်သွားပြီး စလောင်းဖုံး ကြီးကို ဖွင့် လိုက်လေ၏။

ထိုအခိုက်မှာ ပင် ပေသီးတွက်နေသော တရုတ်ကြီးသည်

အန်စာ

ဟု ကျယ်လောင်စွာအော်ဟစ်၍ ခေါ်ဝေါ် လိုက်လေ၏။

လူဝကြီးက နှာခေါင်းရှုံ့၍

'လောဘအိုးကြီး ခေါ်နေပြီ၊ သွားလိုက်ဦးကွ၊ ငါ့အထင်တော့ အရက်ကုန်သွားပြီနဲ့ တူတယ်'

ဟု ပြောလေ၏။ အန်စာဆိုသော လူငယ်လေးသည် ဆိုင်ကြီး တရုတ်ကြီးထံသို့ ရောက်သောအခါ လူဝကြီးပြောသကဲ့သို့ အရက်ကုန်သွားကြောင်းသိရလေ၏။

ဆိုင်ရှင်တရုတ်ကြီးက

'အရက်ကုန်တော့မယ်ကွ၊ ဦးရွှေတလုပ်ဆီမှာ အရက်သွားယူ ပေတော့၊ အမြန်ဆုံးပြန်လာခဲ့နော်၊ ဒီလူကြီးနဲ့ တွေ့ရင် စကားသိပ်များ တယ်၊ သူ့စကားတွေကို နားထောင်မနေနဲ့ ခြံထဲမှာ ကမြင်း ကြောလည်း ထမနေနဲ့ '

ဟု မှာ ကြားကာ လေးဂါလံဝင် သံပုံးကြီးတစ်ပုံးကိုပေး၍ လူငယ်လေးအား လွှတ် လိုက်လေ၏။

လူငယ်သည် သံပုံးကြီးကိုဆွဲ၍ မြို့ပြင်ရှိ အရက်ချက်ရောင်းသော လူကြီးတစ်ယောက်၏ ခြံသို့ ထွက်ခဲ့လေတော့၏။ ထိုခြံကြီးသည် အရိပ်ကောင်းစွာရရှိသော သရက်ခြံကြီး ဖြစ်၏။

ခြံထဲတွင် သရက်၊ မာလကာ၊ စသော သီးပင်စားပင်များ ရှိသ ဖြင့် အန်စာသည် ဦးရွှေတလုပ်ခြံသို့ ချက်အရက်ယူသည့် အခါတိုင်း လွန်စွာ ပျော်ရွှင်လေ၏။

သူသည် အချိန်ရလျှင် ခြံထဲရှိ အပင်မျိုးစုံပေါ်သို့တက်၍ သီးပင် စားပင်များကို ခူးဆွတ်စားသောက်၏။

လေးဂွတစ်လက်ဖြင့် အကောင်ဗလောင်အမျိုးမျိုးကို ပစ်ခတ်၏။

ကစားရဝသောအခါ ခြံထဲရှိ ရေကန်ကြီးတွင် ပျော်ရွှင်စွာ ရေ ဆင်း ကူးလေတော့၏။

ထို့ကြောင့် ဦးရွှေတလုပ်၏ ခြံကြီးသည် အန်စာအတွက် အပန်း ဖြေစရာ ကစားကွင်းကြီးကဲ့သို့ ဖြစ်လေတော့၏။

အန်စာသည် သရက်ခြံကြီးထဲသို့ ရောက်သောအခါ ရေကန် ငယ်လေးအနီးတွင် အရက်ပုလင်းတစ်လုံးချ၍ ထိုင်နေသော ဦးရွှေတ လုပ်ကို တွေ့ရလေ၏။ ဦးရွှေတလုပ်က အန်စာကိုမြင်သည် နှင့် ကြိုဆို၍

လောဘအိုးကြီးဆိုင်အတွက် အရက်ကုန်သွားပြီနဲ့ တူတယ်၊ ဒီအချိန်မှာ မင်းရောက်လာမယ်ဆိုတာ ငါကြိုသိနေတဲ့ အတွက် ဟောဒီ မှာ သံပုံးနဲ့ အသင့်ပြင်ထားပါတယ်ကွာ၊ မင်းရဲ့ သံပုံးကိုတော့ ထားခဲ့ပေတော့၊ ကဲ အေးအေးဆေးဆေး ထိုင်ပါဦးကွာ၊ ဟောဒီမှာ ဆက်ရက်အကြော်တွေရှိတယ်၊ စားရေနွှေကြမ်းလဲသောက် ''

အန်စာက ဆက်ရက်ကြော်တစ်ကောင်ကို တကျွတ်ကျွတ် မြည်အောင် ဝါးစားလိုက်ပြီးနောက်

မထိုင်တော့ဘူး ဦးရွှေတလုပ်၊ လောဘအိုးကြီးက အမြန် ဆုံးပြန်လာခဲ့ဖို့ အမှာ တော်ရှိလိုက်တယ် ''

ဟု ပြောလေရာ ဦးရွှေတလုပ်က ရယ်မော၍

ဟဲ ဟဲ ဒီလူကြီးနဲ့ တွေ့ရင် စကားသိပ်များ တယ်၊ သူ့ စကားတွေကို နားထောင်မနေနဲ့ လို့ မှာ လိုက်သေးတယ်မဟုတ်လား

ဟု ပြောလေရာ အန်စာက အံ့ဩဟန်ဖြင့် မျက်လုံးပြူးသွားပြီး

အစစ်ပါပဲ ဦးရွှေတလုပ်ရယ်၊ ခင်ဗျားကြီးကတော့ အကြား အမြင်ရနေပြီနဲ့ တူတယ် ''

ဟု ရေရွတ်လေ၏။ ဦးရွှေတလုပ်က ရယ်မော၍

ဒီအချိန်က ဆိုင်မှာ လူကျတဲ့ အချိန်လေကွာ၊ လောဘအိုး ကြီးပါးစပ်က ဒီစကားမျိုးပဲ ထွက်တော့မှာ ပေါ့ကွာ၊ လူငယ် လူရွယ်တွေ ဟာ အသက်ငယ်စဉ်မှာ စူးစမ်းရှာဖွေမှုကို ကြိုးစား လုပ်ရတယ်ကွ၊ မင်းဟာ အနာဂတ်ရှိတဲ့ ကောင်လေးမို့လို့ ငါနဲ့ တွေ့ တဲ့ အချိန်တိုင်းမှာ ဗဟု သုတ အကြားအမြင်များ အောင် လေ့ကျင့်ပေးနေတာကွ၊ မင်းဟာ လောဘအိုး ကြီးလို တစ်သက်လုံး ခေါက်ဆွဲဆိုင်ကလေးမှာ အချိန်ကုန်မယ့် ကောင်လေး မဟုတ်ဘူး

ဟု ပြောလေရာ လူရွယ်သည် ဦးရွှေတလုပ်ရှေ့တွင် ဝင်ထိုင် လိုက်လေ၏။ ဦးရွှေတလုပ်က ဆက်ရက်ကြော်တစ်ကောင်ကို ဝါးစားလိုက်ပြီး

လူငယ်တွေဟာ လူကြီးတွေထက်စာရင် အသိဉာဏ် ဗဟု သုတတွေကို လေ့လာဖို့ အခွင့်အရေးအများကြီးရှိတယ်၊ ဘာဖြစ်လို့ လဲ ဆိုတော့ အသက်ငယ်စဉ်မှာ စူးစမ်းရှာဖွေလိုစိတ် ပိုရှိမယ်၊ ကမ္ဘာပေါ်မှာ ရှိတဲ့ တီထွင်ကြံဆမှုကြီးတွေရဲ့ အားလုံးနီးပါးဟာ အသက် (၃၅)နှစ် အောက် လူငယ်တွေရဲ့ ကြံဆမှုတွေချည်းပါပဲကွာ၊ ဒါပေမဲ့ အမြော်အမြင်ရှိပြီး ထိုးထွင်းသိမြင်နိုင်တဲ့ ဉာဏ်ရည် ကိုတော့ အသက်အရွယ် ကြီးတဲ့ အချိန်ရောက်မှ ပဲ ပိုင်ဆိုင်ကြတယ်ကွ၊ ငယ်ရွယ်စဉ်မှာ လေ့လာမှု ကြောင့် ဗဟု သုတကြွယ်ဝမှု ရှိတယ်၊ ထိုးထွင်းသိမြင်နိုင်စွမ်းကတော့ မရှိ သေးဘူးကွ ''

ဟု ပြောလေတော့၏။

ဦးရွှေတလုပ်က ဆက်ရက်ကြော်တစ်ကောင်ကို အန်စာ ၏ လက်ထဲသို့ ထည့်ပေးလိုက်ပြန်ပြီး

ကမ္ဘာကြီးကို အသက် ၅၀ နှစ်အောက် လူတွေသာ အုပ်ချုပ်ကြမယ်

ဆိုရင် ကမ္ဘာကြီးတစ်ခုလုံး ပြဿနာတွေနဲ့ ထိန်းမနိုင်သိမ်းမရ ဖြစ်သွားမယ်၊ ဒါကြောင့် အမေရိကန် သမ္မတရွေးပွဲမှာ သမ္မတဟာ အသက် ၅၀ နှစ်အထက်ရှိရမယ်လို့ စည်းကမ်းသတ်မှတ်ထားတာကွ''

ဟု ပြောလေရာ အန်စာက မျက်မှောင်ကြုတ်၍

အသက်ကြီးတော့ အတွေ့အကြုံများ ပြီး အမြော်အမြင်ကြီး တယ်ဆိုတဲ့ သဘောပေါ့၊ ကျုပ်တို့ ဆိုင်ရှင် တရုတ်ကြီး အရှောင် ကတော့ အသက်ကြီးလေ လောဘကြီးလေပဲ၊ ဉာဏ်အမြော်အမြင်က တော့ တဖြည်းဖြည်း နည်းသထက်နည်းနည်းလာတယ်၊ လောကကြီးမှာ သူတစ်ယောက်တည်းသာ မှန်ကန်ပြီး အားလုံးမှား ယွင်းတယ်လို့ ထင်မြင်နေတတ်တယ် ''

ဟု ပြောလေ၏။ ဦးရွှေတလုပ်က တဟားဟားရယ်မော၍

ဟား ဟား ဟား ဒါဟာ တရုတ်ကြီး အရှောင်မှ မဟုတ်ဘူး ကွ၊ လူတိုင်းဟာ ကိုယ့်ကိုယ်ကို မှန်တယ်လို့ ထင်တတ်တယ်၊ လူဟာ ကိုယ့်ကိုယ်ကို အညာဆုံးသတ္တဝါပဲ၊ ဒါပေမဲ့ သူတစ်ပါး အပြစ်ကျ သိပ်မြင် တတ်တယ်၊ သူများ ရဲ့ အပြစ်တွေကိုရှာဖွေပြီး ဝေဖန်သုံးသပ်ပြတယ်၊ လိုအပ်ရင် ကျမ်းကိုးကျမ်းကေားတွ၊ ဘုရားဟောဇာတ်နိပါတ်တွေကို တောင် ရွတ်ပြလိုက်ဦးမယ်၊ ပြီးတော့ သူတစ်ပါးရဲ့ အပြစ်တွေနဲ့ နှိုင်းယှဉ်ပြီး ကိုယ့်ကိုယ်ကို ပညာရှိကြီး ယောင်ယောင် သွေးနထင်ရောက်လိုက် သေးတယ်၊ ဒါကြောင့် လောကမှာ အမှန်တရားက ဖွံ့ဖြိုးမလာဘဲ မတရားမှုတွေ ဖြစ်ပေါ် နေတာပေါ့၊ တစ်ခါတုန်းက ကျေးရွာက ကျောင်းလေးတစ်ကျောင်းကို ပညာအုပ်ကြီးလာမယ်ဆိုလို့ ကျောင်းလေးတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားတယ်၊ ပညာအုပ်ကြီးရောက်လာတော့ ပညာအုပ်က အတော်ဆုံးကျောင်းသားသုံးယောက်ကို ပုစ္ဆာသုံးပုဒ်

တွက်ခိုင်း မယ်လို့ အမိန့်ချလိုက်တယ်၊ ပထမရတဲ့ ကျောင်းသားက အတန်း ရှေ့ထွက်ပြီး ပညာအုပ်ကြီးရဲ့ ပုစ္ဆာကို အဖြေမှန်ရအောင် တွက်ပြလိုက်တယ်၊ ပညာအုပ်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး တော်တယ်လို့ ချီးမွမ်း လိုက်တယ်၊ နောက်ထပ်ပုစ္ဆာအသစ်ရေးပြီး ဒုတိယရတဲ့ ကျောင်းသားကို တွက်ခိုင်းတယ်၊ သူလဲပဲ အဖြေမှန် ကိုတွက်ပြနိုင်လို့ တော်တယ်လို့ ချီးမွမ်း လိုက်ပြန်တယ်၊ နောက်တော့ ပုစ္ဆာအသစ်တစ်ပုဒ်ကို ကျောက်သင်ပုန်း မှာ ရေးပြီး တတိယရတဲ့ ကျောင်းသားကို တွက်ခိုင်းလိုက်ပြန်တယ်၊ တတိယရတဲ့ ကျောင်းသားဟာ အတန်းရှေ့ကိုထွက်ပြီး ပုစ္ဆာကိုတွက်တယ်၊ ဒီအခါမှာ ပညာအုပ်က ကျောင်းသားကိုကြည့်ပြီး ဒုတိယရတဲ့ ကျောင်းသားနဲ့ ရုပ်ချင်းဆင်သယောင်ရှိတာ သတိထားမိလိုက်တယ်၊ ဒါကြောင့် မသင်္ကာလို့ မေးကြည့်လိုက်တော့ ကျောင်းသားက ကြောက်ကြောက်ရွံ့ရွံ့နဲ့

ခွင့်လွှတ်ပါခင်ဗျာ၊ တတိယရတဲ့ ကျောင်းသားက ဘောလုံးပွဲ ဝါသနာအိုးပါ၊ အခုလဲ ပွဲကောင်းလို့ သွားကြည့်ပါတယ်၊ သူ့ ကိုယ်စား ကျွန်တော်တွက်ပေးတာပါ၊ သူက ကျွန်တော့်ကိုမှာ ထားပါတယ်၊ သူ့ကိစ္စ တစ်ခုပေါ်လာရင် ကျွန်တော်က ကိုယ်စား လုယ်လုပ်ပေးပါတဲ့ လို့ ဆိုလိုက်တော့ ပညာအုပ်ဟာ မျက်နှာကြီးနီပြီး ဒေါသအလွန်ထွက်သွားတယ်၊ သူဟာ အတန်းပိုင်ဆရာဘက်လှည့်ပြီး ဒါဟာ လိမ်လည်မှုပဲ၊ အကျင့် စာရိတ္တပျက်ပြားမှုပဲ၊ အနာဂတ်ကို ဦးဆောင်မယ့်လူငယ်တွေဟာ ရိုးသားမှု မရှိရင် ဘယ်လိုလုပ်မှာ လဲ၊ ခင်ဗျားတို့ က ကျုပ်ကို အရူးလုပ်တာလား၊ လိမ်ညာမှုကို အားပေး တာလား၊ ဒီကျောင်းသား နောက်တစ်ခေါက် ပြန်ထွက်လာတာကို ခင်ဗျားတို့ ဘာလို့ မတားတာလဲ၊ ခင်ဗျားတို့ က အလိုတူအလိုပါ လုပ်တာလားလို့ ဆူပူကြိမ်းမောင်းတော့ အတန်းပိုင်ဆရာက ပညာအုပ်ရဲ့ မေးခွန်းကို မဖြေနိုင်ဘဲ မျက်လုံးလေးကြောင်တောင်တော

င်နဲ့ ကြည့်နေတယ်၊ ဒီတော့ ပညာအုပ်က ဒေါသပိုကြီး လာပြီး ဖြေလေဗျာ၊ ဘာဖြစ်လို့ အအကြီးလို ကြောင်ကြည့်နေတာလဲ၊ ခင်ဗျားကို ကြည့်ရတာ ဒီကျောင်းသား ပြန်ထွက်လာတာကို မှတ်မိပုံမရဘူး၊ အတန်းပိုင်ဆရာ ဖြစ်နေပြီး ကိုယ့်အတန်းက ကျောင်းသားကိုတောင် မသိဘူးလားလို့ ကြိမ်းမောင်းနေပြန်တယ်၊ ဒီတော့မှ အတန်းပိုင်ဆရာက မဝံ့မရဲနဲ့ ဒီလိုပါပဲ ပညာအုပ်မင်းရယ်၊ ကျွန်တော်က ဒီအတန်းက ဆရာမဟုတ်ပါဘူး၊ ဒီအတန်းကဆရာလဲ ဘောလုံးဝါသနာအိုးပါ၊ အခုလဲ ပွဲကောင်းလို့ သွား ကြည့်ပါတယ်၊ ကျွန်တော်က သူ့ကိုယ်စား အတန်းပိုင်ခဏလုပ်ပေးတာပါလို့ ဖြေလိုက်တယ်၊ ဒီအခါမှာ ပညာအုပ်မင်းရဲ့ ဒေါသဟာ အထွတ် အထိပ်ကို ရောက်သွားပြီး စားပွဲခုံကို လက်သီးနဲ့ ဝုန်းခဲထုလိုက်တယ်၊ တစ်တန်းလုံးက ကျောင်းသားတွေဟာလဲ အလွန်ကြောက်လန့်သွားတယ်၊ ပညာအုပ်က ဒါဟာ တာဝန်မဲ့မှုပဲ၊ စည်းကမ်းပျက်ကွက်မှုပဲ၊ အနာဂတ်တိုင်းပြည်အုပ်ချုပ်မယ့်သူတွေဟာ ခင်ဗျားတို့ ကျောင်း ဆရာတွေရဲ့ လက်ထဲမှာ ရှိတယ်၊ ခင်ဗျားတို့ ဟာ သူတို့ လေးတွေရဲ့ စံနမူနာဖြစ်သင့်တယ်၊ အခုတော့ ဆရာတွေကိုယ်တိုင် အကျင့်ပျက်ပြီး ကျောင်းမှာ မရှိဘူး၊ ခင်ဗျားတို့ ဆရာနှစ်ယောက်စလုံးကို အလုပ် ထုတ်ပစ်ရမယ်လို့ ကြိမ်းမောင်းလိုက်တယ်၊ ဒီအခါမှာ အလုပ်ထုတ်ပစ်ခံရမှာကို သေမတတ် ကြောက်တဲ့ ကျောင်းဆရာဟာ ပညာအုပ်ကို ဒူးထောက်လုမတတ် တောင်းပန်တယ်၊ ဝမ်းနည်း ကြေကွဲလွန်းလို့ တရှုံ့ရှုံ့ငိုယိုပြီး နောက် ဒီလို မဖြစ်စေရပါဘူးလို့ အသနားခံတယ်၊ သူဟာ ကျောင်းဆရာအလုပ်ကလွဲပြီး ဘာတစ်ခုမှ လုပ်မစားတတ်ဘူးလေ ''

ဟု ပြောရင်း ဦးရွှေတလုပ်သည် ပန်းကန်ထဲတွင် နောက်ဆုံး ကျန်နေသော ဆက်ရက်ကြော်တစ်ကောင်ကို အန်စာ၏ လက်ထဲသို့ ထည့်လေ၏။

အန်စာက လက်ကာပြ၍

တော်ပြီ၊ မစားနိုင်တော့ဘူး ဇာတ်လမ်းကိုသာ ပြီးအောင် အမြန်ပြောစမ်းပါ၊ ခုအချိန်ဆို တရုတ်ကြီး အရောင် လည်တဆန့်ဆန့်ဖြစ်နေပြီ ''

ဟု ပြောလေ၏။ ဦးရွှေတလုပ်က ဆက်ရက်ကြော်ကို ပန်းကန်ထဲ သို့ ပြန်ထည့်လိုက်ပြီး တဟဲဟဲရယ်မောကာ

ဟဲဟဲပြောမှာ ပါကွာ၊ တကယ်တော့ ပညာအုပ်ဟာ ရာထူးအရှိန်နဲ့ ဟိန်းဟောက်တတ်ပေမယ့် သူ့ရဲ့ စိတ်ရင်းက သနား ကရုဏာသက်တတ်တယ်၊ သူဟာ ဝမ်းနည်းကြေကွဲနေတဲ့ ကျောင်း ဆရာကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားတယ်၊ အင်းပေါ့လေ၊ လူဆိုတာ တစ်သက်မှာ တစ်ကြိမ်တော့ မှားတတ်ကြတာပဲလို့ ဖြေပြီးတွေးလိုက်တယ်၊ ကျောင်း ဆရာရဲ့ ဘဝအနာဂတ်ဟာ သူ့လက်ထဲမှာ ရှိတယ်၊ သူသေဆိုသေ၊ ရှင်ဆို ရှင် ဖြစ်ရတော့မယ်၊ ပညာအုပ်ဟာ ဩဇာကြီးတဲ့ လူတစ်ယောက်က အပြစ်ကိုခွင့်လွှတ် တယ်ဆိုရင် သူ့ကို လူအများက ကြည်ညိုမှာ ပဲလို့ တွေး လိုက်တယ်၊ သူဖတ်ဖူးတဲ့ စာအုပ်တွေထဲက သူတော်ကောင်းဆိုတဲ့ လူတွေလည်း ဒီလိုပဲ ခွင့်လွှတ်တတ်ကြတယ်လေ၊ ဒါကြောင့် ပညာအုပ်က သူ တော်ကောင်းတစ်ယောက်ရဲ့ အပြုံးမျိုးပြုံးပြီး ကျောင်းဆရာရဲ့ ပခုံးပေါ် လက်တင်လိုက်တယ်၊ ပြီးတော့ တော်သေးတာပေါ့ဗျာ၊ ခင်ဗျား ကံကောင်းတယ်မှတ်ပါ၊ ဒီကျောင်းကို စစ်ဆေးရမယ့် ပညာအုပ်က ဒီနေ့ သူမစစ် ဆေးနိုင်လို့ ကျုပ်ကို အကူအညီတောင်း တာနဲ့ ဝင်စစ်ဆေးတာ၊ သူက ဘောလုံးဝါသနာအိုး၊ အခုလဲ ပွဲကောင်းလို့ ဘောလုံးပွဲသွားကြည့်တယ်၊ နာမည်ကြီးအသင်းတွေ အကျိတ်အနယ်ပြိုင်ရတဲ့ ပွဲတွေဆို သူမကြည့်ဘဲ မနေနိုင်ဘူး၊ တကယ်လို့ ကျုပ်နေရာမှာ သူသာဆိုရင် ခင်

ဗျားမလွယ်ဘူး၊ အလုပ်ပြုတ်ပြီ မှတ်ပေရော့၊ နောင်ဆိုရင် တာဝန်ချိန်ကို ဂရုစိုက်ပါ၊ အလုပ် မဆင်းနိုင်ရင် ခွင့်ယူပါ၊ အနာဂတ်ကလေးသူငယ်တွေကို စံနမူနာပြရမယ့် သူတွေက ဒီလိုမလိမ့်တပတ်လုပ်တာ ဘယ်ကောင်း မလဲဆိုပြီး ကျောင်း ဆရာကို အပြစ်မယူဘဲ ခွင့်လွှတ်လိုက်တယ်၊ ဒီအခါမှာ ကျောင်းဆရာက ဝမ်းနည်းရမလို၊ ဝမ်းသာရမလို မျက်နှာပေးနဲ့ ကျန်ရစ်ခဲ့တော့တာပေါ့''

ဟု ပြောရင်း ဦးရွှေတလုပ်သည် သူ၏ ပုံပြင်ကို အဆုံးသတ် လိုက်လေ၏။ အန်စာသည် ဦးရွှေတလုပ်၏ အဆုံးသတ်ပုံပြင်ကို နားထောင်ရင်း ရင်ထဲတွင် တွေးတောစရာတစ်ခု ကျန်ရစ်ခဲ့လေ၏။ ဦးရွှေတလုပ်က အန်စာ၏ အမူအရာကိုကြည့်၍ ရယ်မောကာ

မင်းစိတ်ထဲမှာ တွေးစရာတစ်ခု ဖြစ်ကျန်ခဲ့ပြီမဟုတ်လား၊ လောကမှာ တစ်ခါတလေတော့လည်း ဒီလိုပါပဲကွာ၊ ဒါတွေကို မကျေမနပ် ဖြစ်ပြီးနေမယ်ဆိုရင်လည်း နေစရာရှိတော့မှာ မဟုတ်ဘူး ၊ ဒါကြောင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး နေထိုင်ရတာ ပါပဲကွာ၊ ကဲ သွားပေဦးတော့ကွာ၊ ဒီထက်အချိန်ကြာရင် လောဘ အိုးကြီးအရှောင်ဟာ သူ့ရဲ့ လောဘမီးတွေကို မထိန်းချုပ်နိုင်ဘဲ ပေါက်ကွဲထွက်သွားလိမ့်မယ်''

ဟု ပြောလေရာ အန်စာသည် အရက်ပုံးကြီးကို ပခုံးပေါ်တွင် ထမ်း၍ ဦးရွှေတလုပ်၏ သရက်ခြံမှ ထွက်ခဲ့လေတော့၏။

သူသည် လမ်းတစ်လျှောက်လုံး ဦးရွှေတလုပ်၏ ပုံပြင်ကို တွေးတောရင်း အချိန်ကုန်လွန်ခဲ့လေ၏။

ဦးရွှေတလုပ်သည် လူထူးလူဆန်းကြီးတစ်ဦး ဖြစ်၏။ သူသည် လောကကို မထီမဲ့မြင်ပြုတတ်၏။

မည်သူ၏ ထင်မြင်ချက်ကိုမှ ဂရုမစိုက်ဘဲ နေချင်သလိုနေ၏။ စား ချ

င်သလို စား၏။

အရက်ချက်စရာရှိလျှင်ချက်၏။ အရက်မချက်ချင်လျှင် တစ်နေကုန် သရက်ခြံထဲတွင် အိပ်နေတတ်၏။

ဦးရွှေတလုပ်၏ သရက်ခြံကြီးသည် ဧကပေါင်းများ စွာ ကျယ်ဝန်း၍ သူ၏ သရက်သီးများ သည် လွန်စွာချို၏။

ထို့ကြောင့် သရက်သီးပေါ်ချိန်ဆိုလျှင် မြို့တွင်းရှိ ဆင်းရဲသားများ သည် ဦးရွှေတလုပ်၏ ခြံကြီးတွင် သရက်သီးများကို လာရောက်ခူးဆွတ်ကြ၏။ ဦးရွှေတလုပ်သည် ၎င်းတို့ ကို မည်သည့်အခါမျှ တားဆီးခြင်းမရှိပေ။

မြို့ပေါ်ရှိ ဆင်းရဲသား လူတန်းစားများ ခူးဆွတ်ပြီး ကျန်ရှိ သော သရက်သီးများကို လှည်းဖြင့်တင်၍ မြို့ပြင်ကားဂိတ်တွင် သွားရောက်ရောင်းချ၏။

ထိုသို့ရောင်းချရာတွင် လည်း အမြတ်အစွန်းရရှိရေးကို ပဓာန မထားဘဲရရှိသော အမြတ်ငွေများကို ဆင်းရဲနွမ်းပါးသူများကို လှူဒါန်း လိုက်သည် သာ ဖြစ်၏။

အန်စာသည် ဦးရွှေတလုပ်၏ အကြောင်းကို တွေးတောရင်း မြို့ အဝင်ကားဂိတ်သို့ရောက်သောအခါ မြို့တွင်းသို့ဝင်လာသော လော်ရီကားကြီး ၃စီးကိုကြည့်၍ လွန်စွာ စိတ်လှုပ်ရှားသွားလေ၏။

လော်ရီကားကြီးများ သည် သာမန်ကုန်တင်ကားကြီးများ မဟုတ်ကြဘဲ ကားကြီးများ ၏ ပတ်လည်တွင် လွန်စွာစိတ်ဝင်စားဖွယ် ကောင်းသော ပန်းချီကားချပ်ကြီးများ ချိတ်ဆွဲထား၏။

မြို့ထဲသို့ ရှေ့ဆုံးမှ ဝင်လာသော ကားကြီး၏ ထိပ်တွင် ဖိုးသော ကြာ

ဆပ်ကပ်အဖွဲ့ ဟူသော ဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲထားလေ၏။ အန်စာသည် အရက်ပုံးကြီးကို ပခုံးပေါ်မှ ချ၍ ဆပ်ကပ်အဖွဲ့မှ ကားကြီး များကို ကြည့်ရှုလေ၏။

ရှေ့ဆုံးလော်ရီကားကြီး၏ နဘေးတွင် ကျားကြီးတစ်ကောင်ကို ကြာပွတ်ဖြင့် စေခိုင်းနေသော မိန်းမလှတစ်ယောက်၏ ရုပ်ပုံနှင့် လူငယ်လေးများ တစ်ဦးပေါ်တစ်ဦး ဆင့်နေပုံကို မြင်ရ၏။ အခြားသော စိတ်ဝင် စားဖွယ် ပြကွက်များကိုလည်း ရေးဆွဲထား၏။

ဒုတိယကားကြီးတွင် တိရစ္ဆာန်မျိုးစုံ၏ ထူးခြားသော အစွမ်းသတ္တိများကို ရေးဆွဲထားပြန်၏။

တတိယကားကြီးပေါ်တွင် လူငယ်များ ကောင်းကင်ဘား လွဲနေပုံ စက်ဘီးတစ်စီးပေါ်သို့ လူအမြောက်အမြား စီးနင်းနေပုံ၊ မိန်းမလှလေးများ ကျွမ်းပစ်နေပုံ၊ ကြိုးတန်းလျှောက်နေပုံများကို မြင်ရလေ၏။

အန်စာသည် ဆပ်ကပ်ပညာကို ကြားဖူးနားဝသာရှိပြီး ကိုယ်တိုင်မကြည့်ဖူးသဖြင့် ကြည့်ချင်စိတ်များ တဖွားဖွားပေါ်လာ၏။ ကားကြီးများ ၏ ခေါင်မိုးပေါ်တွင် အဝတ်အစားအပြည့်အစုံ ဝတ်ဆင်ထားသော အဖွဲ့သူ အဖွဲ့သားများကို တွေ့ရလေ၏။

ထိုအခိုက်မှာ ပင် ဆပ်ကပ်အဖွဲ့မှ နောက်ဆုံးကားကြီးသည် စက်ချို့ယွင်းဟန်ဖြင့် ထိုးရပ်သွားလေရာ မြို့ပေါ်မှ လူများ သည် ကားကြီး အနီးတွင် ဝိုင်းဝိုင်းလည်နေလေ၏။

အန်စာသည် ဆပ်ကပ်ကားကြီး ပျက်သွားသဖြင့် အရက်ပုံးကြီး ကို ထမ်းကာ အနီးသို့ ပြေးခဲ့လေ၏။

ဒရိုင်ဘာသည် ကားစက်ခေါင်းကိုဖွင့်၍ ပြုပြင်နေလေ၏။ ထို အခိုက်မှာ ပင် ဆပ်ကပ်ကားကြီးပေါ်မှ ဆပ်ကပ်လူရွှင်တော် အဝတ် အစား ဝတ်ဆင်ထားသော လူကြီးတစ်ယောက်သည် ခုန်ဆင်း လာပြီး  အန်စာ၏ အနီးသို့ လျှောက် လာပြီး

ကောင်လေး၊ ကျုပ်သောက်ဖို့ နည်းနည်းရောင်းပါလား

ဟု ပြောလိုက်ရာ အန်စာသည် လူရွှင်တော်လူကြီးကို နားမလည်ဟန်ဖြင့် ကြည့်ရှု လိုက်လေ၏။ လူကြီးသည် ကြောင်ကြောင် ကြားကြား ရှိသော ဘောင်းဘီပွကြီးနှင့် အင်္ကျီပွကြီးကို ဝတ်ဆင် ထားလေ၏။

သူ၏ ခေါင်းပေါ်တွင် ဦးထုပ်ချွန်ကြီးတစ်လုံးကို ဆောင်းထားလေ၏။ နှာခေါင်းနေရာတွင် လည်း ရော်ဘာနှာခေါင်းတုကြီး တပ်ဆင်ထား၏။

လူကြီးက ရယ်မောရ်

ဟား ဟား ဟား အရက်ရှိတဲ့ နေရာကို ကိုက်တစ်ရာအတွင်း ငါ့နှာခေါင်းက အနံ့ခံလို့ ရတယ်ကွ၊ ကားရပ်ရပ်ချင်း ငါ့နှာခေါင်းက အရက်နံ့ ရတယ်၊ ဒါကြောင့် ကားပေါ်ကို လှမ်းကြည့်တော့ ပုံးကြီးကို ကိုင်ပြီး ငေးမောကြည့်နေတဲ့ မင်းကိုတွေ့ရတာပဲ ’

ဟု ပြောလေ၏။ အန်စာက လူရွှင်တော်ကြီး၏ စကားကို သဘောကျသွားပြီး အရက်ပုံးကိုဖွင့်၍ လူကြီး၏ မတ်ခွက်ထဲသို့ လောင်းထည့်ပေးလိုက်ပြီး

အရက်ကို ပိုက်ဆံမယူဘဲ အလကားတိုက်ပါတယ် ဦးလေး ရယ်၊ ဒါနဲ့ ဦးလေးတို့ အဖွဲ့ကြီးက ဘယ်မြို့ကိုသွားမှာ လဲ ’

ဟု မေးမြန်းလေ၏။ လူကြီးက မတ်ခွက်ထဲမှ အရက်များကို ကုန်စင်

အောင် မော့သောက်လိုက်ပြီ

အား ကောင်းလိုက်တဲ့ အရက်ကွာ၊ သောက်လို့ ကောင်း လိုက်တာ၊ ငါတို့ က မင်းတို့ မြို့လွန်ပြီး နောက်တစ်မြို့ကို သွားမှာ ကွ၊ အဲဒီမြို့မှာ ဆပ်ကပ်ပြရမယ်လေကွာ၊ မင်းကြည့်ချင်ရင် လာကြည့်ပါ လား၊ ဆပ်က ပ်ရုံကိုရောက်ရင် လူရွှင်တော်ပေသီးရဲ့ တူလို့ သာပြောလိုက်၊ မင်းကို ရုံး ဝင်ခမယူဘဲ အလကားပေးသွင်းလိမ့်မယ် ’

ဟု ပြောလိုက်ရာ အန်စာသည် လူရွှင်တော်ကြီး၏ စကား ကြောင့် စိ တ်လှုပ်ရှားသွားပြီး

‘တကယ်ပြောတာလားဗျာ၊ ဆပ်ကပ်အဖွဲ့ကားကြီးတွေကို မြင်တဲ့ အ ချိန်မှာ ကျုပ်စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ ဖြောင်း ဆန်သွား တာပဲ၊ ဆပ်ကပ်ကြည့်ချင်စိတ်တွေလည်း အရမ်းဖြစ်လာ တယ်၊ ကြည့်ဖြ စ်အောင်ကို ကြည့်မယ်ဗျာ၊ တစ်သက်မှာ တစ်ကြိမ် ကြည့်ရတာ’

ဟု အားတက်သရောပြောလေ၏။ လူရွှင်တော်ကြီးက ရယ်မော၍

ကြည့်ပါဗျာ ကြည်ပါ၊ ဖြစ်နိုင်ရင် အရက်တစ်ဖန်ခွက် လောက် ပေး ပါဦး၊ သောက်ရတာ ကောင်းလွန်းလို့ ''

ဟု ပြောလေ၏။ အန်စာက လူရွှင်တော်ကြီး၏ မတ်ခွက်ထဲသို့ အရ က်များ ပြည့်လျှံနေအောင် လောင်းထည့်ပေးလိုက်ရာ လက်ပေါ်သို့ ပင် စီးကျ လာလေ၏။ ထိုအခိုက်မှာ ပင် လော်ရီကားကြီးသည် ပြန်လည်၍ စက်နှိုးသွားပြီး ထွက်ရန်ပြင်လေရာ လူရွှင်တော်ကြီးသည် အရက်များ ကို အလျှင်အမြန်မော့၍

သွားပြီဟေ့၊ အရက်တိုက်တဲ့ အတွက် ကျေးဇူးတင်တယ်''

ဟု ပြောကာ ကားဆီသို့ အပြေးအလွှားထွက်ခွာသွားလေ၏။

အန်စာသည် ဆပ်ကပ်အဖွဲ့၏ ကားကြီးကို မျက်စိတစ်ဆုံး ကြည့်နေပြီးမှ အရက်ပုံးကြီးကိုထမ်း၍ ဆက်လက်ထွက်ခွာခဲ့လေ၏။

ဆိုင်သို့ရောက်လျှင် လောဘအိုးကြီးအရှောင်၏ ဆူပူကြိမ်း မောင်းမှုကို ခံရတော့မည်ဟု တွေးတောနေလေ၏။

အန်စာသည် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းရင်း ခေါက်ဆွဲဆိုင် ရှိရာ လမ်းသို့ ဝင်ခဲ့လေ၏။

လမ်းထိပ် ပင်မင်းဆိုင်တွင် ဆိုင်ရှင်လူကြီးက ကြော်ငြာစာရွက် ကြီး တစ်ရွက်ကို ကော်ဖြင့်သုတ်၍ ဆိုင်နံရံတွင် ကပ်ရန်ပြင်လေရာ အန်စာက စာရွက်ကိုမြင်သည် နှင့် ထခုန်မတတ် ဝမ်းသာသွားပြီး

ဦးလေး အဲဒီကြော်ငြာစာရွက်ကို ဆိုင်မှာ မကပ်ပါနဲ့ ကျွန်တော့်ကို ပေးပါဗျာ ''

ဟု တောင်းပန်လေ၏။ ဆိုင်ရှင်လူကြီးက မျက်မှောင်ကြုတ် ကြည့်၍

အောင်မယ် ဘာလို့ ပေးရမှာ လဲ၊ ဆပ်ကပ်အဖွဲ့ရဲ့ ကားကြီး ကို ငါ ကိုယ်တိုင် လိုက်တောင်းထားတာကွ၊ ငါ့ဆိုင်မှာ ကပ်မှာ ပေါ့

ဟု ပြောလေ၏။ ကြော်ငြာစာရွက်ကြီးမှာ ဆပ်ကပ်အဖွဲ့၏ နံရံကပ်ကြော်ငြာဖြစ်ပြီး အဖွဲ့သူအဖွဲ့သားများ ၏ စွမ်းရည်ကို မျက်စိပသာဒ ဖြစ်အောင် ရောင်စုံစက္ကူဖြင့် ရိုက်နှိပ်ထားလေ၏။

အန်စာက ဆပ်ကပ်အဖွဲ့၏ ကြော်ငြာစာရွက်ကြီးကို လိုချင်လွန်းလှ၍ လူကြီးကို ခြေသလုံးဖက်လုမျှ တောင်းပန်လိုက်ပြီး

ကျွန်တော့်ကိုပေးပါ ဦးလေးရယ်၊ ဆပ်ကပ်အဖွဲ့ရဲ့ ပုံတွေကိုတစိမ့်စိမ့်ကြည့်နေချင်လို့ ပါ၊ ဦးလေးအတွက် ကျွန်တော် တို့ ဆိုင်က ခေါက်ဆွဲကြော် အကောင်းဆုံးကြော်ပြီး ယူလာပေးပါ့မယ်

ဟု ပြောလေရာ ဆိုင်ရှင်လူကြီးသည် စိတ်ထဲတွင် ကြိတ်၍ သဘောကျသွားလေ၏။ သို့သော် အန်စာလိုချင်နေမှန်းသိ၍ ဈေးကိုင်နေလိုက်ပြီး

ခေါက်ဆွဲကြော် တစ်ထုပ်နဲ့ တော့ ဘယ်ရမလဲကွာ၊ ငါလဲလိုချင်လွန်းလို့ ရအောင်လိုက်တောင်းထားတာ ''

ဟု ပြောလေ၏။ ထိုအခါ အန်စာက စိတ်အားထက်သန်စွာဖြင့်

ဒါဆိုရင် ဘာစားချင်သေးလဲ၊ ကျွန်တော် လာပို့ပေးမယ်

ဟု ပြောလေ၏။ ဆိုင်ရှင်လူကြီးသည် တစ်ကိုယ်ရည် တစ်ကာယသမားဖြစ်သဖြင့် ခေါက်ဆွဲကြော်တစ်ထုပ်နှင့် ပင် လုံလောက်နေပြီဖြစ်၍ ထို့ကြောင့် တစ်စုံတစ်ရာကို စိတ်ကူး ပေါက်ဟန်ဖြင့်

ဟုတ်ပြီ၊ ကြော်ငြာစာရွက်ကို လိုချင်ရင် မင်း ငါ့ဆိုင်မှာ သုံးရက်တိတိ အဝတ်လာလျှော်ပေးရမယ်

ဟု ပြောလေ၏။ အန်စာသည် ဆိုင်ရှင်လူကြီး၏ စကားကြောင့် ငေးငိုင်သွားပြီး

အဝတ်လျှော်တာကတော့ မခက်ပါဘူး၊ ဒါပေမဲ့ ခေါက်ဆွဲ ဆိုင်အလုပ်ကမအားတော့ ဘယ်အချိန်လျှော်လို့ ရမှာ လဲ

ဟု ရေရွတ်နေလေ၏။ အန်စာ၏ အခက်ခဲကို ဆိုင်ရှင် လူကြီးက နားလည်ဟန်ဖြင့် တစ်ထစ်လျှော့ပေးလိုက်ပြီး

ကဲ ဒါဆိုရင် ငါကပဲ လျှော့ပေးလိုက်ပါတယ်ကွာ၊ နေ့လယ်ခင်း အားတဲ့ အချိန်မှာ သုံးရက်တိတိ အဝတ်လာလျှော် ပေးရမယ်၊ ခေါက်ဆွဲ တစ်ထုပ်လည်း ပေးရမယ်နော်

ဟု ပြောလေ၏။ အန်စာသည် ဝမ်းသာအားရဖြင့် ခေါင်းညိတ် ၍

လျှော်မယ်ဗျာ ပေးတော့၊ ကြော်ငြာစာရွက်

ဟု အလောတကြီးတောင်းလေ၏။ လူကြီးက လက်ဝါးကာ၍

ဟိုး ဟိုး ဒီလိုတော့ ဘယ်ရမလဲ ကိုယ့်လူရယ်၊ သုံးရက် တိတိ အဝတ်လျှော်ပြီးတဲ့ နေ့မှ ပေးမှာ ပေါ့

ဟု ပြောလေရာ အန်စာသည် ကြော်ငြာစာရွက်ကြီးကို အားရ အောင်ကြည့်၍ သက်ပြင်းချလိုက်ပြီး

ဒီလောက်တောင် ဖြစ်နေရင်လဲ ကျွန်တော် သွားတော့မယ် ဗျာ၊ စာရွက်ကြီးကိုသာ မပြဲမစုတ်အောင် ဂရုစိုက်ပေတော့

ဟု စိတ်မချဟန်ဖြင့် ပြောဆိုလေရာ ဆိုင်ရှင်လူကြီးက တဟားဟား ရယ်မော၍

စိတ်ချပါကွ၊ သေသေချာချာ လိပ်ပြီး သိမ်းထားပေးမှာ ပါ၊ မင်းသာ ငါ့ဆိုင်မှာ အလုပ်လုပ်ဖို့ မမေ့နဲ့

ဟု ပြောလေတော့၏။ အန်စာသည် အရက်ပုံးကြီးကိုထမ်း၍ ဆိုင်သို့ အပြေးပြန်လာခဲ့လေ၏။

ဆိုင်ပေါက်ဝတွင် လောဘအိုးကြီးအရှောင်သည် ခါးထောက်၍ ထွက်စောင့်နေပြီး အန်စာကိုမြင်သောအခါ

ဟေ့ကောင် အရက်သွားယူတာ ဒီလောက်ကြာရသလား၊ ဆိုင်ထဲက အရက်ဂျိုးတွေက အရက်မဝလို့ ငါ့ကို နားပူနာဆာ လုပ်နေတာ၊ နားကို ပူနေတာပဲ၊ ဒါကြောင့် ငါ့နားတွေ မခံနိုင်လွန်းလို့ ဆိုင်ပြင်ထွက် စောင့်နေတာ ''

ဟု ကြိမ်းမောင်းလေ၏။ အန်စာက တရုတ်ကြီးအရှောင်ကို မျက်နှာချိုသွေး၍

ဟဲ ဟဲ ဒီလိုပါဗျာ၊ အရက်ပုံးကြီးထမ်းပြီး အပြန်လမ်းမှာ ယစ်မျိုးဌာန လူတွေနဲ့ တွေ့လို့ မေးလားမြန်းလားလုပ်နေလို့ ပါ ''

ဟု ပြောလေရာ တရုတ်ကြီးအရှောင်က မျက်နှာရှုံ့မဲ့၍

ဒီကောင်တွေဟာ အလွန်ရှုပ်တဲ့ ကောင်တွေ၊ သူတို့ မေးလား မြန်းလားလုပ်တာ အကြောင်း မဟုတ်ဘူး ၊ ဆိုင်ထဲက ကောင်တွေဟာ မျောက်မင်း စွန်းဝူခုံးလိုကောင်တွေ၊ အရက်မဝရင် ငါ့ကို ရေထဲမှာ ပြုတ်သောက်သွားလိမ့်မယ်၊ သွား သွား အမြန်ဆုံးထည့်ပေးလိုက်

ဟု ပြော လိုက်လေတော့၏။ အန်စာသည် အရက်ပုံးထဲမှ အရက်များကို အိုးကြီးတစ်လုံးဖြင့်လှယ်၍ အရက်သမားများကို ထုတ်ပေးရလေ၏။

သူသည် ထိုနေ့က ဆိုင်အလုပ်များကို လုပ်ကိုင်နေသော်လည်း စိတ်က ဆပ်ကပ်အဖွဲ့သို့ပင် ရောက်ရှိနေလေ၏။

ဆပ်ကပ်အဖွဲ့ကြီးသည် ပျော်ရွှင်စရာကောင်းလွန်းလှ၏။ မြို့များ တစ်မြို့ဝင်တစ်မြို့ထွက်၍ လူအများ အံ့ဩစေသော ဆပ်ကပ်ပညာကို ပြသခွင့် ရကြ၏။

ထို့ကြောင့် ဆပ်ကပ်အဖွဲ့ကြီးနှင့် လိုက်ပါခွင့်ရသူသည် အလွန် ကံထူးသူများ ဟု တွေးတောမိလေ၏။

သူသည် ဆပ်ကပ်အဖွဲ့အကြောင်းကို စဉ်းစားရင်း သူ၏ ငယ် ဘဝကို သတိရနေလေ၏။

သူ၏ အဖေသည် ဝေးလံခေါင်ဖျားသော ရွာတစ်ရွာမှ သစ်ခုတ် သမား ဖြစ်၏။

တစ်နေ့သ၌ အဖေသည် သစ်ခုတ်သွားရင်း ပိုးထိကာ သေဆုံး ခဲ့ရ၏ ။ အန်စာ၏ မိခင်သည် ရုပ်ရည်သင့်တင့်သည် မှ လွဲ၍ မည်သည့် အလုပ်ကို မျှ မလုပ်တတ်ရှာပေ။

ထို့ကြောင့် အဖေဆုံးပြီး တစ်နှစ်ခန့်အကြာတွင် သစ်ကုန် သည် တစ်ယောက်နှင့် လက်ထပ် လိုက်လေ၏။

သစ်ကုန်သည် သည် အန်စာနှင့် သူ၏ မိခင်အား မြို့ငယ်လေး တစ်မြို့သို့ခေါ်သွားပြီး ပျဉ်ထောင်အိမ်ကလေးတွင် နေထိုင်စေ၏။

သစ်ကုန်သည် သည် မိမိတို့ သားအမိအား မြို့ပေါ်သို့ခေါ်၍ အိမ် နှင့် ယာနှင့် ထားနိုင်သဖြင့် မဆိုးလှဟု ထင်မြင်မိလေ၏။

သို့သော် သစ်ကုန်သည် နှင့် နေထိုင်ပြီး သုံးလခန့်အကြာတွင် သူ၏ အိမ်သို့ မိန်းမကြီး သုံးယောက်ပေါက်ချ လာပြီး မိခင်ကို လက်ညှိုး ငေါက်ငေါက်ထိုး လင်ခိုးမ ဟု စွပ်စွဲကာ အော်ဟစ်ဆဲ ဆိုနေသော အခါမှ ပင် သစ်ကုန်သည် ၌ မယားကြီးရှိမှန်းသိလိုက်ရ လေ၏။

မိခင်သည် သူမ၏ မှားယွင်းမှုအတွက် များ စွာ စိတ်ဆင်းရဲရ ရှာ၏။

သစ်ကုန်သည် သည် မိခင်နှင့် လက်ထပ်ပြီး တစ်နှစ်မပြည့်မီ သူ၏ ဇာတိရပ်ပေါ်လာ၏။

အရက်ကို မိုးလင်းမှ မိုးချုပ်သောက်ပြီး အန်စာကို နေ့စဉ်နှင့် အမျှ ရန်ရှာနေလေတော့၏။

ဤသို့ဖြင့် အန်စာသည် လူမယ်ကလေးဘဝကပင် သစ်ကုန်သည် ၏ နှိပ်စက်ညှင်းပန်းခြင်းကို ခံရရှာ၏။ မိခင်က ၎င်းအား ဆရာကြီး ဦးထွန်းအောင်ဆိုသူ၏ ကျောင်းတွင် ထားပေးသော်လည်း

သုံးတန်းအောင်သည့် နှစ်မှာ ပင် သစ်ကုန်သည် ၏ အမိန့်ကြောင့် ကျောင်းမှ ထွက်ခဲ့ရလေ၏။

ကြာသောအခါ အန်စာသည် အိမ်တွင် မပျော်တော့ဘဲ တစ်နေကုန် လည်ပတ်နေသည် က များ လေ၏။

ထိုအခါ သစ်ကုန်သည် ၏ အပြစ်မရှိ အပြစ်ရှာ၍ ရိုက်နှက်ခြင်းကို ခံရပေတော့၏။ တစ်ညသ၌ အန်စာသည် အိပ်ရာမှ တရေးနိုးသော်အခါ သစ်ကုန်သည် နှင့် မိခင်၏ ပြောစကားကို ကြားရလေ၏။

မိခင်သည် သစ်ကုန်သည် ၏ ဆန္ဒအရ သူ့အား အညာရှိ ဒေါ်ကြီးများ ထံသို့ ပို့တော့မည်ဟု သိလိုက်ရလေ၏။

အညာရှိ ဒေါ်ကြီးသည် အပျိုကြီးဖြစ်ပြီး လွန်စွာကပ်စေးနှဲကာ အပြစ်မရှိအပြစ်ရှာ၍ ဆူပူကြိမ်းမောင်းတတ်သူ ဖြစ်၏။

ဒေါ်ကြီးနှင့် နေထိုင်ရလျှင် အရှင်လတ်လတ် ငရဲကျသည် ထက် ဆိုးပေလိမ့်မည်။

ထို့ကြောင့် ပင် အန်စာသည် ထိုနေ့မနက်မှာ ပင် ကားကြို တစ်စီးကို တား၍ အိမ်မှ ထွက်ပြေးခဲ့လေတော့၏။

သူသည် ကားကြိုလိုက်သောခရီးဆုံးသောအခါ မြို့ထဲတွင် လှည့်လည်၍ အလုပ်ရှာဖွေရင်း တရုတ်ကြီးအရှောင်၏ ခေါက်ဆွဲ ဆိုင်တွင် တောက်တိုမယ်ရ အလုပ်ရခဲ့လေတော့၏။

တရုတ်ကြီးအရှောင်သည် အန်စာအား တစ်လလျှင် ၅ ကျပ် ပေးကာ သူ၏ ဆိုင်တွင် မညှာမတာ ခိုင်းစေလေတော့၏။

မည်သို့ပင်ဖြစ်စေ၊ အန်စာသည် ခေါက်ဆွဲဆိုင်တွင် နေ ထိုင်နိုင်၏။

အဘယ်ကြောင့် ဆိုသော် အရှောင်၏ ဆိုင်တွင် နေစရာနှင့် စားစရာ အဆင်ပြေသောကြောင့် ဖြစ်၏။

သူ့အတွက် နေစရာနှင့် စားစရာရလျှင် ဘာပူစရာရှိတော့မည် နည်း။ ငါးကျပ်မျှသောအသပြာကို သူမမက်မောပေ။ ရုံဖန်ရုံခါ သဘော ကောင်းသော အရက်သမားများ နှင့် တွေ့လျှင် သူတို့ ပေးသော မုန့်ဖိုးကို ရလိုက်သေး၏။

အန်စာသည် ငယ်ဘဝအကြောင်းကို စဉ်းစားရင်း ဆပ်ကပ် အဖွဲ့ကို စိတ်ရောက်သွားပြန်၏။

ဖိုးသောကြာဆပ်ကပ်အဖွဲ့ကြီးသည် အနီးအနားမြို့တွင် မနက်ဖြန် ညမှ စ၍ သုံးညဆက်တိုင်ပြသမည်ဟု သိရ၏။

သို့သော် ခေါက်ဆွဲဆိုင်ရှင် တရုတ်ကြီးအရှောင်သည် ညဘက် လည် ပတ်ခြင်းကို နှစ်သက်သူမဟုတ်ပေ။

သူတို့ မြို့ပေါ်၌ ရုံဖန်ရုံခါ အငြိမ့်ပွဲ၊ ဇာတ်ပွဲများ ရှိလျှင်ပင် ည ၉ နာရီ ထိုးသည် နှင့် ဆိုင်သို့ အရောက်ပြန်လာခိုင်းတတ်၏။

ထို့ကြောင့် ဆပ်ကပ်ကြည့်ရန် ခွင့်ပြုမည်မထင်ချေ။

အန်စာသည် ဆပ်ကပ်ကြည့်မည့် အရေးကို တွေးတော၍ စိတ်ပျက် လက်ပျက် ဖြစ်သွားလေ၏။

ဆပ်ကပ်အဖွဲ့သည် မိမိအတွက် တစ်သက်တွင် တစ်ကြိမ် ကြည့်ရမ ည့် အခွင့်အရေးဟု ယူဆကာ ကြည့်ချင်စိတ်များ ထိန်းမနိုင်ဆီးမရ အောင် ဖြစ်ပေါ်နေလေ၏။

သူသည် ထိုနေ့ညဦးပိုင်း ဆိုင်တွင် လူကျဲပါးသော အချိန်တွင် လမ်း ထိပ်ပင်မင်းဆိုင်သို့ ခဏပြေးကာ ဆပ်ကပ်အဖွဲ့ဝင် ကြော်ငြာ

စာရွက်ကြီးကို တောင်းရမ်းကြည့်ရှုလေ၏။

ကြော်ငြာစာရွက်ကြီးသည် စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ကြည့် မဝဖြစ်နေမိ၏။

သူသည် ထိုနေ့ညက အိပ်မက်ထဲတွင် ဆပ်ကပ်ပွဲကို သွား ရောက် ကြည့်ရှုရသည် ဟု အိပ်မက်မက်လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ နေ့လယ်ခင်း အားလပ် ချိန်တွင် ပင်မင်းဆိုင်သို့သွား၍ အဝတ်များကို ကူညီလျှော်ဖွပ် ပေးရ၏။

ညနေစောင်းလျှင်ဆိုင်သို့ပြန် လာပြီး ခေါက်ဆွဲဆိုင်တွင် ကူညီလုပ် ကိုင်ရပြန်၏။

ယနေ့ည တစ်ဖက်မြို့တွင် ဆပ်ကပ်ပွဲစတင်မည်ဖြစ်သဖြင့် စိတ်ကူး နှင့် ရူးကာ ဆပ်ကပ်ကြည့်ချင်စိတ်များ ထိန်းမနိုင်သိမ်း မရအောင် ဖြစ်မိ လေ၏။

သူသည် ဆပ်ကပ်ကြည့်ရန် နည်းလမ်းကိုလည်း နည်းအမျိုး မျိုး ဖြင့် စဉ်းစားဆင်ခြင်ကြည့်လေ၏။

ခေါက်ဆွဲဆိုင်ပိုင်ရှင် တရုတ်ကြီးအရှောင်ကို ခွင့်တောင်းလျှင် မည် သို့မျှ ခွင့်ပြုမည်မထင်ချေ။

နောက်ဆုံးတွင် ဖြစ်ချင်ရာဖြစ် ဆပ်ကပ်ပွဲကို ခိုးကြည့်မည်ဟု ဆုံးဖြ တ် လိုက်လေ၏။

သူသည် ဆပ်ကပ်အဖွဲ့၏ နောက်ဆုံးညတွင် တစ်ဖက်မြို့သို့ ခိုးထွက် ၍ ဆပ်ကပ်ပွဲကြည့်ရန် စီစဉ်လေ၏။

ပင်မင်းဆိုင်တွင် သုံးရက်တိတိ လျှော်ဖွပ်ပြီးသောအခါ

ဆိုင်ရှင်လူကြီးက သူ့အား ကြော်ငြာစာရွက်ကြီးကို အပိုင်ပေး လိုက်လေ၏။

အန်စာသည် ကြော်ငြာစာရွက်ကို ရင်မှာ ပိုက်၍ ပြန်ခဲ့လေ၏။

ခေါက်ဆွဲဆိုင်သို့ရောက်သောအခါ ဆိုင်ရှင်တရုတ်ကြီးက သူ့အား အပိုင်စားပေးထားသော မီးဖိုချောင်ရှိ အခန်းကျဉ်းလေးတွင် ကြော်ငြာစာရွက်ကို ကပ်လေ၏။

ယနေ့ည ဆပ်ကပ်အဖွဲ့၏ နောက်ဆုံးညဖြစ်သဖြင့် ဆိုင်မှ ခိုး ထွက်၍ ကြည့်ရှုရန် စိတ်စောနေလေ၏။

သူသည် ဆပ်ကပ်ကြည့်ရန် စိတ်စောနေသဖြင့် ဆိုင်ကို အစော ကြီး ပိတ်ချင်နေမိ၏။

သို့သော် အရက်ဝိုင်းတစ်ဝိုင်းမှ လူများ သည် ဆူညံစွာအော်ဟစ် ငြင်းခုန်ပြီး ဝိုင်းမသိမ်းနိုင်သောကြောင့် အခက်တွေ့နေလေ၏။

အန်စာသည် အရက်သမားများကို စိတ်မရှည်နိုင်တော့သဖြင့် ၎င်းတို့၏ ဝိုင်းသို့သွားကာ ပုလင်းထဲမှ အရက်များကို ငှဲ့၍ ၎င်းတို့ အား သောက်စေ၏။

အရက်သမားများ သည် အန်စာ၏ အပြုအမူကို နှစ်သက်ကာ အိတ်ထဲမှ ပိုက်ဆံအကြွေများကို ထုတ်၍ ပေးလေ၏။

ပြီးနောက် သီချင်းများ အော်ဟစ်သီဆိုပြီး ပြန်သွားလေ၏။

တရုတ်ကြီးအရှောင်သည် အိပ်ရာထဲသို့ ရောက်ရှိနေပြီ ဖြစ်၏။

ခေါက်ဆွဲကြော်သော လူဝကြီးမှာ လည်း အရက်များကို တစ်ဝ သောက်၍ စားပွဲခုံပေါ်တွင် အိပ်မောကျနေလေ၏။

အန်စာသည် တိုင်ကပ်နာရီကြီးကိုကြည့်လိုက်သောအခါ ည ၁၁ နာရီထိုးနေသဖြင့် ကမန်းကတန်း ဆိုင်တံခါးကိုပိတ်ကာ ခြံဝင်းထဲရှိ ရာလေး စက်ဘီးကြီးကိုထုတ်ကာ တစ်ဖက်မြို့သို့ နင်းခဲ့လေတော့၏။

အနစာတို့ မြို့မှ ဆပ်ကပ်ပွဲပြသရာမြို့သို့ တစ်နာရီခန့် စက်ဘီး နင်းရ၏။ အန်စာသည် စိတ်လှုပ်ရှားစွာဖြင့် စက်ဘီးကို အမြန်ဆုံးနင်းခဲ့ လေ၏။ နာရီဝက်ခန့်နင်းပြီးသောအခါ မောလွန်း၍ တစ်ကိုယ်လုံး ချွေးများစီးကျလာ၏။

ဘောလုံးကွင်းကြီးတွင် ပွဲဈေးတန်းကြီးများ ဖြစ်ပေါ်နေပြီး မီးရောင်စုံများ ဖြင့် လှပနေသော ဆပ်ကပ်ရုံကြီးကို တွေ့လိုက်ရ၏။

ရုံပေါက်ဝတွင် လွန်စွာကြီးမားသော စိတ်ဝင်စားဖွယ် ဆေးရောင် စုံဆိုင်းဘုတ်ကြီးများကို တွေ့ရလေ၏။

ဆပ်ကပ်ရုံထဲမှ တီးသံမှုတ်သံများကိုလည်း ကြားနေရ၏။

အန်စာသည် ဆပ်ကပ်ရုံအနီးရှိ ဘူးသီးကြော်ဆိုင်တွင် စက်ဘီးကို အပ်နှံပြီး ရုံဘက်သို့ ပြေးခဲ့လေ၏။

သူသည် လက်မှတ်ရောင်းရာနေရာသို့ ရောက်သောအခါ လက်မှတ်ရုံမှ လူကြီးတစ်ဦးက လက်ခါပြ၍

ဟေ့ကောင်လေး၊ လက်မှတ်မရောင်းတော့ဘူး ၊ ကုန်ပြီ

ဟု ပြောလေရာ အန်စာသည် လွန်စွာ စိတ်ဓာတ်ကျသွားပြီး

တစ်စောင်တောင် မရှိတော့ဘူးလား

ဟု မေးမြန်းလေ၏။ လူကြီးက

မရှိတော့ဘူးကွ၊ ပြတာပဲ တစ်ဝက်ကျိုးနေပြီ

ဟု ပြောလေ၏။ အန်စာသည် ဆပ်ကပ်လူရွှင်တော်ကြီး ပေသီး၏ စကားကို သတိရပြီး

ကျွန်တော် လူရွှင်တော်ကြီး ပေသီးနှင့် ခင်ပါတယ်၊ သူ့နာမည် ပြောရင် ရုံထဲကို ဝင်လို့ ရတယ်လို့ မှာ ထားပါတယ်

ဟု ပြောလေ၏။ လက်မှတ်ရုံမှ လူကြီးက ရယ်မော၍

ဟော့ကောင်လေး၊ ဒါမျိုးတွေရိုးနေပြီ၊ ဆပ်ကပ်ထဲက လူတွေနဲ့ သိတယ်ဆိုတိုင်း ရုံထဲကို ဝင်ခွင့်ပေးရရင် ငါတို့ လက်မှတ် ရောင်းစရာ တောင်မလိုတော့ဘူး၊ တစ်ရုံလုံး ဆပ်ကပ်ထဲက လူတွေနဲ့ သိတဲ့ သူတွေ ချည်း ဖြစ်နေမှာ ပဲ

ဟု ငြင်းဆန်ပြန်၏။ အန်စာသည် လူကြီး၏ စကားကြောင့် စိတ်ပျက်လက်ပျက်ဖြင့် အကြံရခက်သွား၏။ ဆပ်ကပ်ရုံအတွင်းရှိ စိတ်လှုပ်ရှားဖွယ် တီးလုံးသံများက သူ့စိတ်ကို မရိုးမရွဖြစ်စေလေ၏။

ယနေ့ည နောက်ဆုံးနေ့ဖြစ်သဖြင့် ဆပ်ကပ်ပွဲကို ကြည့်ဖြစ် အောင် ကြည့်မည်ဟု စိတ်ပိုင်းဖြတ်ထားလေ၏။

ထိုအခိုက်မှာ ပင် သူ၏ ပခုံးပေါ်သို့ တစ်စုံတစ်ယောက်က လက် ဖြင့် တင်၍

ဟော့ကောင်လေး၊ ဆပ်ကပ်လာကြည့်တာလား

ဟု မေးမြန်းလေရာ အန်စာသည် ထိုသူကိုကြည့်၍ လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး လက်မှတ်ဝယ်မရကြောင်း ပြော လေ၏။

ထိုသူသည် ဆပ်ကပ်လူရွှင်တော်ကြီး ပေသီးပင် ဖြစ်၏။ ပေသီးက အန်စာ၏ ပခုံးကိုဖက်၍ လက်မှတ်ရောင်းသူအား

ဒါ ငါ့အသိပါကွ၊ ပိုက်ဆံမယူပါနဲ့

ဟု ပြောပြီး ရုံထဲသို့ ခေါ်ဆောင်သွားလေ၏။

အန်စာသည် လူရွှင်တော်ကြီးနောက်သို့ ပျော်ရွှင်စွာ လိုက်ပါသွားလေ၏။ ရုံထဲသို့ ရောက်သောအခါ စင်မြင့်ပေါ်တွင် ၎င်းနှင့် ရွယ်တူ လူငယ်လေးများ သည် မီးဟု န်းဟု န်းတောက် လောင်နေသော မီးဝိုင်းကြီးအတွင်း သို့ တစ်ယောက်ပြီးတစ်ယောက် ကျွမ်းပစ်ဝင်ရောက်သော ပြကွက်ကို ပြသလေရာ အန်စာသည် လူအုပ်ကို တိုးဝှေ့၍ ကြည့်ရှုလေ၏။

လူရွှင်တော်ကြီးက စိတ်စောနေသော အန်စာ၏ ပခုံးကိုဖက်၍

ဒီလောက်အလျင်မလိုပါနဲ့ ကွာ၊ ငါ့နောက်ကိုသာ လိုက်ခဲ့၊ စင် နောက်မှာ ကြည့်လို့ ကောင်းတဲ့ နေရာရှိတယ်

ဟု ပြောကာ စင်၏ အနောက်သို့ ခေါ်ဆောင်သွားလေ၏။ စင်၏ တစ်ဖက်တွင် ဆပ်ကပ်အဖွဲ့၏ တီးဝိုင်းရှိနေလေ၏။

လူရွှင်တော်ကြီးက တီးဝိုင်းအတွင်းရှိ ခွေးခြေတစ်လုံးပေါ်တွင် အန်စာအား ထိုင်ခိုင်းလေ၏။

ထိုနေရာသည် စင်ပေါ်သို့ ကောင်းစွာမြင်ရလေရာ အန်စာသည် စိတ်လှုပ်ရှားစွာဖြင့် ဆပ်ကပ်အဖွဲ့၏ ပြကွက်များကို ကြည့်ရှုလေ၏။ ထိုအချိန်တွင် စင်ပေါ်သို့ ခွေးလိမ္မာငါး ကောင်တက် လာပြီး ခွေးများ သည် သခင်ခိုင်းစေသည့် အတိုင်း လေ့ကားပေါ်သို့ အတက်အဆင်း လုပ်ပြ လေ၏။

ခွေးများ သည် လိမ္မာလွန်းသဖြင့် သခင်က ဝပ်ဆိုလျှင်ဝပ်၏။ လက်ပေးဆိုလျှင်ပေး၏။ ဒူးထောက်ဆိုလျှင်ထောက်၏။

ပြီးနောက် ခွေးများ သည် သခင်ကို အလယ်မှာ ထား၍ စက်ဝိုင်း သ

ဏ္ဍာန် ဝိုင်းပတ်ပြလေရာ ပရိသတ်သည် အလွန်သဘော ကျလေ၏။

ခွေးများ ပြကွက်ပြီးနောက် ဆပ်ကပ်လူရွှင်တော်ကြီး နှစ်ဦးသည် ဂျိုကာအဝတ်အစားများကို ဝတ်ဆင် လာပြီး တစ် ယောက်နှင့် တစ် ယောက် နပန်းသတ်ပြလေ၏။

လူရွှင်တော်ကြီးနှစ်ဦးအနက် တစ်ဦးသည် အန်စာကို ရုံထဲသို့ ခေါ်ဆောင်လာသော ပေသီးဆိုသူ ဖြစ်၏။

လူရွှင်တော်နှစ်ဦး၏ ရယ်ရွှင်ဖွယ် နပန်းသတ်ပုံကို ပရိသတ် နှစ်ခြိုက်နေစဉ် မျက်စိရှေ့မှာ ပင် လူရွှင်တော်နှစ်ဦးမှ လေးဦး နပန်းသတ်နေသည့် ပုံသဏ္ဍာန်ပြောင်းလဲသွားသဖြင့် ပရိသတ်သည် အံ့အားသင့်သွားလေ၏။

အန်စာသည် လူရွှင်တော်ကြီးနှစ်ဦး၏ အံ့မခန်းပြကွက်ကြောင့် ပါးစပ်အဟောင်းသားဖြစ်နေလေ၏။

ထိုအခိုက်မှာ ပင် လူရွှင်တော်လေးဦးမှ နှစ်ဦးကိုသာ မြင်ရ တော့၏။

လူရွှင်တော်များ ၏ ပြကွက်ပြီးသောအခါ စင်ပေါ်သို့ ခြင်္သေ့ကြီးတစ်ကောင်နှင့် မိန်းမလှလေးတစ်ယောက် ရောက်လာ၍ ပရိသတ်များ သည် တအံ့တသြ ကြည့်ရှုကြလေ၏။

ခြင်္သေ့ကြီးသည် ကြောက်မက်ဖွယ်ကောင်းအောင် ဟိန်းဟောက်လိုက်ရာ အန်စာသည် မိန်းမလှလေးကိုယ်စား ထိတ်လန့်သွား၏။

မိန်းမလှလေးသည် ခါးတွင် ချိတ်ထားသော ကြာပွတ်ကို ဖြုတ်၍ လေထဲတွင် ရွှမ်းခနဲ ရိုက်ပြကာ ကြောက်မက်ဖွယ် ခြင်္သေ့ကြီးအား ခွေးငယ်လေးကဲ့သို့ ခိုင်းစေပြလေ၏။

ခြင်္သေ့ကြီးသည် မိန်းမလှလေး၏ ခိုင်းစေမှု အမျိုးမျိုးကို ပြုလုပ်လေ

ရာ ပရိသတ်များ သည် လွန်စွာသဘောကျလေ၏။

မိန်းမလှလေး၏ ပြကွက်ပြီးဆုံးသွားသောအခါ စင်ပေါ်သို့ လှည်းဘီးသဏ္ဍာန် ပျဉ်ပြားကြီးတစ်ချပ် တွန်းရွေ့ လာပြီး မိန်းမပျိုတစ်ယောက်ကို ပျဉ်ပြားပေါ်တွင် ခြေကားရားလက်ကား ရားအနေဖြင့် ချုပ်နှောင်ထား ပြီး သူမ၏ အရှေ့တွင် မျက်နှာကို အဝတ်စည်းထားသော လူတစ်ယောက် ရောက် လာလေ၏။

ထိုသူ၏ လက်ထဲတွင် အရောင်တလက်လက်တောက်ပ နေသော ဓားမြှောင်လေးများ ရှိ၏။

ထိုသူက မိန်းမပျိုလေးအား ဓားမြှောင့်နှင့် ပစ်ရန် ချိန်ရွယ်သောအခါ ပရိသတ်သည် လွန်စွာထိတ်လန့်သွားလေ၏။

မိန်းမပျိုကို မျက်စိနှင့် မြင်ရလျှင်ပင် ဓားမြှောင်နှင့် ပစ်ရန် ခက်ခဲလှ၏။

ထိုသူသည် မျက်နှာကို အဝတ်စည်းနှောင်ထားသဖြင့် ပိုမို၍ သည်းထိတ်ရင်ဖို ဖြစ်ရလေ၏။

အန်စာသည် အသက်ပင်မရှူဝံ့ဘဲ ဓားပေါက်ပွဲကို ကြည့်ရှုလေရာ အဝတ်စည်းထားသောသူသည် မိန်းမပျို၏ ခန္ဓာကိုယ်အနီး လက်တစ်လုံးခန့်အကွာအဝေးသို့ ဓားမြှောင်များ ဖြင့် ပစ်ပေါက် လေ၏။

သူမ၏ ခန္ဓာကိုယ်အနီးသို့ ဓားမြှောင်များ တဒေါက်ဒေါက် စိုက် လေရာ ပရိသတ်အချို့သည် မကြည့်ဝံ့ဘဲ မျက်လုံးကို မှ ိတ်၍ ဘုရားတနေကြလေ၏။

ဓားပေါက်ပွဲပြီးနောက် စိတ်ဝင်စာဖွယ် ပြကွက်အချို့ကို ပြသပြီးနောက် လူငယ်လေးများ ပါဝင်သော ကောင်းကင်ဘား ပြကွက်ကို ပြသ လေ

၏။

ပေ ၃၀ ခန့် မြင့်မားသော အရပ်တွင် ဘားတန်းများ တစ်တန်းပြီးတစ်တန်းလွဲ၍ သက်စွန့်ဆံဖျား ပြသကြသဖြင့် ပရိသတ် များ သည် ကောင်းကင်ဘား ပြကွက်ကို လက်ခုပ်တဖြောင်းဖြောင်း တီး၍ အားပေး ကြလေ၏။

အန်စာသည် ၎င်းနှင့် ရွယ်တူ လူငယ်လေးများ ၏ ပြကွက် များကိုကြည့်၍ လွန်စွာ အားကျနေမိ၏။

ဆပ်ကပ်အဖွဲ့ထဲတွင် လိုက်ပါချင်စိတ်များ လည်း တဖွားဖွား ဖြစ်ပေါ်နေလေ၏။

ဆပ်ကပ်အဖွဲ့သည် နောက်ဆုံးညဖြစ်သဖြင့် ညလုံးပေါက်ပြသနေခြင်းဖြစ်ပြီး မနက် ၃ နာရီခန့်တွင် ပြီးဆုံးသွားလေ၏။

အန်စာသည် ဆပ်ကပ်ပွဲပြီးသောအခါမှ ပင် သူတို့ မြို့သို့ပြန်ရန် သတိရလေ၏။

ထို့ကြောင့် လူရွှင်တော်ကြီးကိုပင် ရှာဖွေ၍ နှုတ်မဆက်နိုင် တော့ဘဲ စက်ဘီးရှိရာသို့ ပြေး၍ မြို့သို့ အမြန်မောင်းနှင်ခဲ့လေ၏။

ထိုကဲ့သို့ လျှင်မြန်စွာနင်းကာမှ ပင် မြို့သို့ မနက် ၄နာရီ ပြန်လည်ရောက်ရှိပေမည်။

တရုတ်ကြီးအရှောင်သည် မနက် ၄ နာရီတွင် အိပ်ရာမှ ထတတ်သဖြင့် အန်စာကိုမတွေ့လျှင် ပြဿနာတက်ပေလိမ့်မည်။

အရှောင်သည် ညဘက်လည်ပတ်ခြင်းကို စည်းကမ်းတင်းကြပ် စွာတားမြစ်ထားလေ၏။

ထို့ကြောင့် စက်ဘီးကို ချွေးတဒီးဒီးကျအောင် နင်းရလေ၏။ နာရီ၀က်ခန့်မောင်းနှင်ပြီးနောက် ခရီးတစ်ဝက်သို့ ရောက်ရှိခဲ့လေ၏။

ထိုအခိုက်မှာ ပင် သူ၏ စက်ဘီးမှ ဒိုင်းခနဲ မြည်သံကြားလိုက်ရ ပြီး ဘီးပေါက်သွားကြောင်း သိရလေရာ အန်စာသည် ခေါင်း နပန်းကြီးသွားလေ၏။

မြို့သို့ အချိန်မီပြန်ရန် အရေးကြီးသဖြင့် ဘာလုပ်ရမှန်းမသိဖြစ် သွားလေ၏။

သူသည် ဘီးပေါက်နေသော စက်ဘီးကို မစီးဝံ့ဘဲ တရွေ့ ရွေ့တွန်းပြီး ခရီးဆက်ခဲ့လေ၏။

ဤပုံစံအတိုင်းဆိုလျှင် မြို့သို့ မနက် ၆ နာရီခန့်မှ ရောက်ပေ လိမ့် မည်။ ထိုအခါ တရုတ်ကြီးအရှောင်၏ ဒေါသအိုးပေါက်ကွဲပြီး သူ့အား ဆိုင်မှ မောင်းထုတ်ပေတော့မည်။

အန်စာသည် တွေးရင်း စိတ်ပူပန်လာသဖြင့် စက်ဘီးကို အပြေးတွန်း၍ လျှောက်ခဲ့လေ၏။

အတန်ကြာအောင် စက်ဘီးကို တွန်းလာရင်း အဝေးမှ မောင်းလာသော လော်ရီကားကြီးတစ်စီး၏ စက်သံကိုကြားရလေ၏။

သူသည် လော်ရီကားကြီးကို တား၍ စက်ဘီးနှင့် လမ်းကြုံလိုက်ရန် စဉ်းစားမိပြီး ကားကြီးကို တား လိုက်လေ၏။

ထိုအခါ ကားရပ်သွားပြီး ကားဒရိုင်ဘာက အန်စာကိုကြည့်၍ မျက်မှောင်ကြုတ်ကာ

ဘာဖြစ်လို့ လဲ ကောင်လေး "

ဟု မေးမြန်းလေ၏။ အန်စာက စက်ဘီးကိုပြသ၍

ဟိုဘက်မြို့မှာ ဆပ်ကပ်ကြည့်ပြီး ပြန်လာတာပါ၊ လမ်းမှာ စက်ဘီး ဘီးပေါက်သွားလို့ လမ်းကြုံလိုက်ခွင့်ပြုပါ ''

ဟု တောင်းပန်လေရာ စိတ်ကောင်းရှိသော ဒရိုင်ဘာက စက်ဘီးကို ကားပေါ်သို့ ဆွဲတင်ရန် စပယ်ရာအား အမိန့်ပေး လိုက်လေ၏။

စပယ်ရာသည် ကားပေါ်တွင် အိပ်ပျော်ပြီး လိုက်ပါလာ လေရာ အန်စာအား မကျေမနပ်ပြောဆို၍ စက်ဘီးကို ကားပေါ် သို့တင်ပေး လေ၏။

ပြီးနောက်တွင် မူ လော်ရီကားကြီးသည် အရှိန်ပြင်းစွာဖြင့် မောင်း နှင်ခဲ့လေ၏။

အန်စာသည် ထိုအခါမှ ပင် သက်မချ၍ အမောအပန်းဖြေနိုင် လေ၏ ။ လော်ရီကားကြီး၏ အမြန်နှုန်းနှင့် ဆိုလျှင် သူတို့ မြို့သို့ အချိန်မီပြန် ရောက်ပေလိမ့်မည်။

ခဏကြာအောင် မောင်းနှင်ပြီး မြို့သို့ရောက်ရှိသဖြင့် ဒါရိုင်ဘာလူကြီးကို ကျေးဇူးတင်စကားပြောကာ ဆိုင်သို့ စက်ဘီးကို အပြေးတွန်းခဲ့လေ၏။

တရုတ်ကြီးအရှောင် အိပ်ရာမှ နိုးနေလေသလားမသိ။ ဆိုင်ရှေ့ သို့ ရောက်သောအခါ ခြံတံခါးကို တွန်းဖွင့်၍ စက်ဘီးကို ခြံထောင့်တွင် ဒေါက်ထောက်လေ၏။

ထိုအခိုက်မှာ ပင် သူ၏ အနောက်သို့ တရုတ်ကြီးအရှောင် ရောက် ရှိလာပြီးလျှင်

အန်စာ မနက်စောစောစီးစီး စက်ဘီးနဲ့ ဘယ်ကပြန်လာတာ လဲ ''

ဟု မေးမြန်းလေရာ အန်စာသည် ထိတ်လန့်သွားလေ၏။ တရုတ်ကြီးအရှောင် အိပ်ရာမှ နိုးသွားလေပြီ။ အန်စာသည် ဉာဏ်နီ ဉာဏ်နက်များကို အလျှင်အမြန် စဉ်းစားလိုက်ပြီး

ဟို မနက်စောစော အိပ်ရာကနိုးနေတာနဲ့ သွေးပူအောင် စက်ဘီးတစ်ပတ်လောက် စီးကြည့်နေတာပါ၊ လမ်းထိပ်ကနေ ပြန်လှည့် လာတာပါ ''

ဟု ပြောလေရာ တရုတ်ကြီးအရှောင်က ခေါင်းညိတ်၍

ကောင်းတယ်၊ မနက်စောစော ကိုယ်လက်လှုပ်ရှားမှုလုပ်တာ ကျန်းမာရေးကောင်းတယ်လို့ ကုလားဆရာဝန်ကြီးကပြောဖူးတယ်

ဟု ထောက်ခံလေ၏။ အန်စာသည် ထိုအခါမှ ပင် ရင်ထဲရှိ အလုံးကြီး ကျသွားပြီး ဆိုင်နောက်ဖေးသို့သွားကာ မီးမွေးပြီး ရေနွေးအိုးတည်လေ၏။

ရေနွေးအိုးတည်ရင်း ညက ကြည့်ခဲ့သော ဆပ်ကပ်အဖွဲ့မှ ပြကွက်များကို တရေးရေးမြင်ယောင်နေလေ၏။

ထိုအဖွဲ့ထဲတွင် ၎င်းနှင့် ရွယ်တူ လူငယ်လေးများ သည် မီးကွင်းကြီးထဲသို့ ကျွမ်းပစ်၍ ဝင်ကြ၏။

ကောင်းကင်ဘား ကစားကြ၏။ စက်ဘီးတစ်စီးပေါ်သို့ လူတစ်ယောက်ပြီးတစ်ယောက်ဆင့်ရပ်ကာ အစွမ်းပြကြ၏။

ထိုလူငယ်လေးများ ၏ ဘဝကို အလွန်အားကျမိလေ၏။

သူ၏ ဘဝသည် ၎င်းတို့ နှင့် ယှဉ်လျှင် ကျဉ်းမြောင်းလွန်းလှ၏။ သေးငယ်သော ခေါက်ဆွဲဆိုင်ကလေးတွင် နေ့စဉ် စားပွဲထိုး၊ ပန်းကန်ဆေးပြီး အချိန်မဖြုန်းလိုတော့ပေ။

အန်စာသည် ထိုနေ့မှ စ၍ ဆပ်ကပ်အဖွဲ့၏ ပိုစတာကြီး ကိုကြည့်၍ ဆပ်ကပ်ပိုး ဝင်လေတော့၏။

တစ်နေ့သ၌ ဈေးသို့သွားရင်း သူ့အသိ အဒေါ်ကြီးတစ် ယောက်၏ ခြံတွင် ခွေးသားပေါက်ကလေးသုံးကောင်ကိုမြင်သဖြင့် စိတ်ကူးတစ်မျိုး ပေါက်လေ၏။

သူသည် ဆပ်ကပ်ထဲမှ ခွေးလိမ္မာများကို အလွန်သဘောကျ နေ၏။ ခွေးသားပေါက်ကလေးများကို မွေးဖြူ၍ ခွေးလိမ္မာကလေးများ ဖြစ်အောင် လေ့ကျင့်လို၏။

ထို့ကြောင့် တရုတ်ကြီးအရှောင်ကို ပရိယာယ်ဆင်၍ ပြောဆို လေတော့၏။

အန်စာက ယခုတလော ရပ်ကွက်ထဲတွင် သူခိုးများ အလွန် သောင်းကျန်းကြောင်း ပြောဆိုပြီး ခြံထဲတွင် ရှိသော အရက်ပုံးများ အခိုးခံရကြောင်း ပြောလေ၏။

အမှန်စင်စစ် အရက်ပုံးများကို ခိုးယူသူမှာ အန်စာကိုယ်တိုင် ပင် ဖြစ်၏။ ခြံဝင်းထဲရှိ အရက်ပုံးများကို မနက်ဝေလီဝေလင်း အချိန်ထ၍ မြို့ထဲသို့ သွားပစ်ခဲ့ခြင်း ဖြစ်၏။ တရုတ်ကြီးအရှောင် သည် သူ၏ အရက်ပုံးများကို အခိုးခံရသည် ဆို၍ သူခိုးများကို မကျေမနပ်ဖြစ်သွားလေ၏။ ထိုအခါ အန်စာသည် လိုသည် ထက်ပို၍ ချဲ့ကားပြီး မြို့ထဲရှိ အိမ်အချို့ ဖောက်ထွင်းခံရကြောင်း ပြောဆို လေ၏။

တရုတ်ကြီးအရှောင်သည် ခေါင်းတဆတ်ဆတ်ညိတ်၍

ဒါဆိုရင် ငါတို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ ''

ဟု ရေရွတ်လေ၏။ အန်စာက သူ၏ အကွက်သို့ ဝင်သွားပြီး

ဖြစ်သဖြင့်

"ကျုပ်တို့ ခွေးမွေးရင်ကောင်းမယ်၊ လမ်းထိပ်က အဒေါ်ကြီး ခြံမှာ ခွေးသားပေါက်လေး သုံးကောင်ရှိတယ်၊ သူတို့ ကို တောင်းပြီး ခြံ ထဲမှာ မွေးထားရင် ဘယ်သူခိုးကိုမှ ပူစရာမလိုတော့ဘူး ''

ဟု ပြောလေရာ တရုတ်ကြီးအရှောင်သည် လွန်စွာ သဘောကျ သွားပြီး ခွေးများကို မွေးမြူရန် ခွင့်ပြု လိုက်လေ၏။

အန်စာသည် ထိုနေ့မှ စ၍ ခွေးသုံးကောင်ကို မွေးခဲ့လေ၏။

ခွေးများ သည် သုံးကောင်စလုံး အထီးကလေးများ ဖြစ်၍ သန်မာ ထွားကျိုင်းကြ၏။

အန်စာသည် ခွေးသုံးကောင်အား နေ့စဉ် နွားနို့တိုက်၍ ဆိုင်မှ ကျန် သော ထမင်းကျန်ဟင်းကျန်များကို ကျွေးမွေးလေရာ ခွေးများ သည် တ စ်လအတွင်း ထွားကျိုင်း သန်မာလာ၏။

သူသည် ခွေးများအား ဖိုးဖြူ၊ ဖိုးဝါ၊ ဖိုးနက်ဟု အမည်ပေး ခဲ့လေ၏။

တရုတ်ကြီးအရှောင်သည် ခွေးသုံးကောင်ကိုကြည့်၍ လွန်စွာ သ ဘောကျလေ၏။ ခေါက်ဆွဲကြော်သော လူဝကြီးကမူ ခွေးများကို နှစ်သ က်ခြင်းမရှိဘဲ နေ့စဉ် ဆူပူနေလေတော့၏။

အန်စာသည် ခွေးများ အရွယ်ရောက်စပြုသောအခါ သူ၏ ဆပ်ကပ် ပိုး ပြန်လည်ဝင်ရောက်လာ၏။ ထို့ကြောင့် ခွေးများအား ဆပ်ကပ်ထဲရှိ ခွေးလိမ္မာများကဲ့သို့ စတင်လေ့ကျင့်ပေးလေ၏။

ခွေးများကို လအနည်းငယ်ကြာမျှ နည်းနည်းစီ လေ့ကျင့်ပြီး သောအ ခါ ၎င်းတို့ သည် တဖြည်းဖြည်း ခိုင်းစေရ လာလေ၏။

အန်စာက ထိုင်ဆိုထိုင်ကြ၏။ ပြေးဆိုလျှင်ပြေးကြ၏။ လက်နှစ်ဖက်မြှောက် ရှိခိုးဆို ခိုးကြ၏။

ထိုကဲ့သို့ခွေးများကိုသင်ကြားပေးရာတွင် နှိပ်စက်ကလူပြု၍ သင်ကြားခြင်းမရှိဘဲ ချော့မော့၍ သင်ကြားခဲ့ခြင်း ဖြစ်၏။

မိမိခိုင်းစေသည့် အတိုင်း မှန်ကန်စွာလုပ်ကိုင်နိုင်လျှင် အရိုးတစ်ချောင်းကို ဆုချလေ၏။ ထိုနည်းမှာ တိရစ္ဆာန်များကို ခိုင်းစေရန် အမှန်ကန်ဆုံးနည်းဖြစ်သဖြင့် မထင်မှတ်ဘဲ နည်းကောင်းတစ်ခုကို ရရှိခဲ့ခြင်း ဖြစ်၏။

ခွေးများ ခြောက်လသားခန့်ရှိသောအခါ လက်နှစ်ချောင်းတည်းဖြင့် လမ်းလျှောက်တတ်အောင် သင်ပေးလေ၏။ ဆက်လက်၍ ခွေးများကို လှေကားအမြင့်ပေါ်သို့ တက်ခိုင်းခြင်း၊ ထင်းရှူး သေတ္တာပုံးများကို ကျော်ခွ၍ ပြေးခြင်းများကို စိတ်ရှည်လက်ရှည် သင်ကြားပေးလေ၏။

အန်စာ၏ ခွေးများမှာ အလွန်လိမ္မာသဖြင့် ခေါက်ဆွဲဆိုင်သို့ လာရောက်စားသောက်သူများ သည် ခွေးများကိုကြည့်၍ လွန်စွာ သဘောကျလေ၏။

ကြာသောအခါ ခွေးလိမ္မာသုံးယောက်၏ သတင်းသည် မြို့ထဲသို့ ပြန့်နှံ့သွားလေ၏။ မြို့ပေါ်ရှိ ကလေးများ သည် အန်စာတို့ ဆိုင်သို့ ခေါက်ဆွဲဝယ်ရန် စိတ်အားထက်သန်ကြ၏။

ခေါက်ဆွဲကြော်ဝယ်ရင်း အန်စာနှင့် ခွေးသုံးကောင်၏ အစွမ်းပြ ကွက်များကိုကြည့်ရှုလိုကြ၏။

အန်စာသည် ကလေးများ ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့် အနေဖြင့် အားလပ်ရပ်များ တွင် ခြံထဲရှိ ထင်းရှူးသေတ္တာပုံးများ ၊ လှေကား ငယ်

များကို အသုံးပြု၍ ခွေးများ ၏ အစွမ်းကို ပြသလေ၏။

နောက်ပိုင်းတွင် မြို့ပေါ်ရှိကလေးများ သည် တစ်ပတ်လျှင် တစ်ရက် အန်စာ၏ ခွေးဆပ်ကပ်ကို လာရောက်ကြည့်ရှုလေ၏။ ကလေးများ သည် ခွေးများကို ချစ်ခင်ကြသဖြင့် ၎င်းတို့ ၏ မုန့်ဖိုးထဲမှ ခွေးများ စားသောက်ရန် လှူဒါန်းကြ၏။

တစ်နေ့သ၌ အန်စာတို့ ဆိုင်အနီးတွင် နေထိုင်သော သူ၏ သူငယ်ချင်း စိန်တိုးဆိုသူသည် ခွေးများ ရေချိုးရာတွင် ကူညီ လုပ်ကိုင်ပေးရင်း သံယောဇဉ်ဖြစ်ကာ နေ့စဉ်လာရောက်ကူညီပေး လေ၏။

စိန်တိုးတို့ ခြံသည် သီးပင်စားပင်များ စိုက်ပျိုးပြီး ဆွေမျိုး နီးစပ်များက ကူညီလုပ်ကိုင်ကြသဖြင့် စိန်တိုးသည် နေ့စဉ်အား လပ်ကာ ခွေးများနှင့် လာရောက်ဆော့ကစားလေ၏။

ကြာသောအခါ ခွေးများကလည်း စိန်တိုးကို အန်စာကဲ့သို့ ရင်းနှီးလာလေတော့၏။ အန်စာသည် ဆပ်ကပ်အဖွဲ့ကြီး နှင့် တစ်ညသာ ဆုံတွေ့ လိုက်ရသော်လည်း သူ၏ ရင်ထဲရှိ ဆပ်ကပ်ပိုးမှာ ကာလရှည်ကြာ အောင်ပင် တွယ်ကပ်နေလေတော့၏။

***